နန်းဇလိန်ကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန်းဇလိန်ကျေးရွာ၊ ကလေးမြို့နယ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စာမျက်နှာ

စကားချီး ၁

နန်းဇလိန်ကျေးရွာ ကျေးရွာအရင်းအမြစ်ပြဖြေပုံ၊ ကလေးမြို့နယ်

ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၂

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၃-၄

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၄-၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၇

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၇-၈

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၈-၉

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်စာရင်း

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေအနေ(ဖွံ့ဖြိုးရေးကွင်းဆက်)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း

ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၆ မှ ၂၀၂၇ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ များ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက် ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေး ဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ် ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နန်းဇလိန်ကျေးရွာ
ကလေးမြို့နယ်



နံ
ရ
တ
အညွှန်း
၁ ဘုန်းကြီးကျောင်
၂ စာသင်ကျောင်း
၃ စေတီ
၄ ရေတွင်း
၅ လမ်း
၆ ချောင်း
၇ တံတား
၈ အိမ်
၉ လယ်ကွင်း
၁၀ ရုံးဝန်း
၁၁ ပလပ်မြေ
၁၂ သုသန်
၁၃ သစ်တော
၁၄ ပါးတော

နန်းဇလိန်ကျေးရွာ ရာသီခွင်ပြပြကွဒိန်

	လများ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပိုတွဲ	တပေါင်
၁	ရာသီခုတူ (နေပူခြင်း/မိုးရွာခြင်း)												
၂	ကျပန်း						–	–					–
၃	ဝင်ငွေ	$	$	$	$$	$$	–	–	$$	$$	$$	$$	–
၄	ရေရှားပါးမှု												
၅	ကောဂါ (လူ)												
၆	ကောဂါ (တိရစ္ဆာန်)											ကြက်	
၇	ပွဲတော်		မောင်ပင်										
၈	သဘာဝဘေး												

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာအုပ်စု၊ နန်းဇလိန် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာသူ/သားများကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ကြပါသည်.။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်းသတင်းအချက်အလက်များရယူရန်နှင့် ၄င်းကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိသည်။

အဆိုပါကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ ၊ထိုပြဿနာများဖြစ်ရသည့်အဟန့်အတားဖြစ်သော အချက်များ(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ၄င်းကျေးရွာအနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။

၄င်းကျေးရွာ၏ အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်အား မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်နှင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအား အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းများ၊အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများ၊မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့ အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်မည်ဖြစ်သည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရှိပြီး အမြင်ရှင်းလင်းမှု ရရှိစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နန်းဇလိန်ကျေးရွာသည် ကလေးမြို့နယ်အတွင်းတည်ရှိပြီး ကလေးမြို့နယ်၏ အရှေ့မြောက် အရပ်(၂၅)မိုင်ခန့်အကွာ၊ နတ်ကြီးကုန်းကျေးရွာ၏ အရှေ့မြောက်(၁၂)မိုင်ခန့်အကွာ၊ ရေချောင်းမြစ် ၏(၁၂)မိုင်ခန့်အကွာ၊ ချင်းပြည်နယ်၊ဘုံးကြိုးဝိုင်းကွင်းအမှတ်(၈၃)၊နယ်နိမိတ်၏ မြောက်(၂)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ မိုးရာသီမိုးများသောနှစ်များတွင် ပလာတာ၊ ရေချောင်းတောင်ကျချောင်းများမှ ရေလျှံခြင်းများခံရတတ်ပါသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပဲအမျိုးမျိုးဖြစ်ပြီး မွေးမြူရေးတွင် ကြက်၊ ဝက်၊ကျွဲများမွေးမြူကြပါသည်။ စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းများဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

နန်းဇလိန်ကျေးရွာတွင် တောင်ကျချောင်းရေသောက်သူများနှင့် ယာမြေရှိပါသည်။ ကျေးရွာသည် နန်းဇလိန်ချောင်းတွင် တည်ရှိသောကြောင့် ဆောက်လုပ်ရေးအတွက် သဲနှင့်ကျောက်များ လိုသလောက် ရရှိနိုင်ပါသည်။ သဘာဝဆေးဖက်ဝင်အပင်များဖြစ်ကြသော ဆီးဖြူ၊ ထိကရုန်း၊ ကနဖော့ပင်များ များပြားလာပါသည်။ ဘက္ထရီလျှော့တိုက်ခြင်းဖြင့် ငါးများဖမ်းဆီးခြင်းကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။ အရှေ့ဘက်တွင် သစ်၊ဝါးများပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းသဖြင့် ထုတ်ယူသုံးစွဲမှုများသောကြောင့် သစ်တော၊ဝါးနှင့် တိရိစ္ဆာန်မျိုးစိတ်များ လျော့နည်းလာသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၄၈)စုရှိပြီး ကျား(၉၉)ဦး၊မ(၉၂)ဦး လူဦးရေစုစုပေါင်း(၁၉၁)ဦး ရှိပါသည်။ မြန်မာလူမျိုးများနေထိုင်ကြပြီး ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၅)ဦးခန့်ရှိပါသည်။ အသက်(၁၅)နှစ်မှ (၆၄)နှစ်အထိအလုပ်လုပ်နိုင်သော လူဦးရေ(၁၃၁)ဦးခန့်ရှိပြီး (၁၅)နှစ်အောက်လူဦး ရေနှင့်(၆၀)နှစ်အထက်လူဦးရေစုစုပေါင်း(၃၂)ဦးခန့်ရှိပါသည်။ မှီခိုသူများသာဖြစ်ကြသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကျပန်းဖြစ်သည်။ အိမ်ထောင်စု (၃၂)စု၏ (၇၀%) ခန့်သည် ဆင်းရဲသောအိမ်ထောင်စုများဟုသတ်မှတ်ကြပါသည်။ (၃၀%)ခန့်သည် ချောင်လည်သော အိမ်ထောင်စုဟုသတ်မှတ်ကြပါသည်။ ဆင်းရဲသည်ဟုသတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် ကျပန်းအလုပ်သမားများဖြစ်ပါသည်။ ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ(၅)ဧကနှင့် (၁၂.၅)ဧကအထက်ပိုင်ဆိုင်သူများဖြစ်ကြပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေး အဆင့်အတန်းနှင့် ဆင်းရဲ/ချမ်းသာမညီမျှမှုအချက်အလက်များကို ဖော်ပြနေပါသည်။ သို့သော်လည်း အချို့မှာ လယ်ယာ/မြေပိုင်ဆိုင်မှုမရှိဘဲအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့်ချောင်လည် သူများလည်း ပါဝင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ထိခိုက်သက်ရောက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုနှင့် မြေယာမဲ့ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ ၄င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသောမိသားစုများ ဖြစ်ကြပါသည်။ ကျေးရွာတွင်းရှိ ဆင်းရဲသောမိသားစုများနှင့်လူငယ်အချို့မှာ ဝင်ငွေပိုမိုရရှိရေးအတွက် ကျေးရွာမှ ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရပါသည်။ရေကြီးခြင်းတို့ကြောင့် ထိခိုက်သက်ရောက်မှုများရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အဟာရ

လက်ရှိအချိန်တွင် ကျွန်ုပ်တို့ကျေးရွာ၌ နှာစေး၊ချောင်းဆိုးနှင့် သွေးလွန်တုပ်ကွေးရောဂါများ အနည်းငယ်ဖြစ်ပွားတတ်ပါသည်။ အာဟာရမပြည့်ဝ၍ ရောဂါဖြစ်ပွားမှုများအနည်းငယ်ရှိတတ်ပါသည်။

(ငံ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

စာမတတ်သူ(၅)ဦးရှိပြီး သက်ကြီးရွယ်အိုများဖြစ်ပါသည်။ မူလတန်းပညာသင်ကြားနိုင်မှု အသင့်အတင့်ရှိပြီး ပညာရေးအားနည်းသောကျေးရွာဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များ အနေဖြင့် ကျွမ်းကျင်မှုအားနည်းပါသည်။

(စ) ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများဖွဲ့စည်းရာတွင် ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး အမျိုးသမီးများ ပါဝင်ခွင့်နည်းပါသည်။လုပ်အားခသတ်မှတ်ရာတွင်လည်း လုပ်အားအပေါ်မူတည်၍ သတ်မှတ်ထားပါသည်။ အကြမ်းဖက်လုပ်ကိုင်ဆောင်ရွက်မှုများမရှိပါ။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ကျေးရွာ၏လက်ရှိအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ လူမှုရေးကဏ္ဍတွင် မီးသတ်အဖွဲ့များရှိကြပါသည်။ ၄င်းအဖွဲ့များဖွဲ့စည်းထားသော်လည်း အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့အားနည်းလျက်ရှိပါသည်။

ယခုအခါကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေး ကဏ္ဍ

စုစုပေါင်းအိမ်ထောင်စု(၃၇)စုမှာ မြေယာမဲ့များဖြစ်ပြီး အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် အသက်မွေးသူများဖြစ်ပါသည်။ (၂.၅)ဧကအောက်မှာ ဆင်းရဲသောတောင်သူလယ်သမားများဖြစ်ပြီး ကောက်စိုက်နေ့စားလက်လုပ်လက်စားကျပန်းလုပ်ကိုင်ကြပြီး မြေဧကအနည်းအကျဉ်းပိုင်ဆိုင်သောသူများသည်လည်း ဟင်းသီးဟင်းရွက်စိုက်ပျိုးကာ အသက်မွေးကြပါသည်။

ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံများမှာပဲအမျိုးမျိုးဖြစ်ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေမှ လုံလောက်သောပမာဏထိ မချေးငှားနိုင်ခြင်း၊ လုပ်ငန်းလိုအပ်ချိန်တွင် အချိန်မှီချေးငွေမရရှိခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြရပါသည်။

သားငါးထုတ်လုပ်မှုလုပ်ငန်းပိုင်းတွင် အားနည်းနေပြီး တစ်နိုင်တစ်ပိုင် ဝက်၊ကြက်၊ကျွဲများ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြေယာမဲ့မိသားစုအချို့သည် အိမ်စျေးဆိုင်ငယ်များရောင်းခြင်းကို လုပ်ကိုင်ကြပါသည်။ ပုံမှန်မရှိခြင်း၊ ပုံမှန်ဝင်ငွေမရဘဲ အချို့မှာ တစ်နယ်တစ်ကျေးသို့သွားရောက်လုပ်ကိုင်ကြသည်။ ငွေလက်လှမ်းမမှီနိုင်ခြင်း၊ အရင်းအနှီးမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာ ကျွမ်းကျင်မှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်/အဆက်အသွယ်နည်းပါးခြင်း၊ဆက်သွယ်ရေးအားနည်းခြင်းနှင့် သတင်းအချက်အလက်လက်လှမ်းမှီနိုင်ခြင်းတို့မှာ ဝင်ငွေရလုပ်ငန်းများလက်လှမ်းမှီမှုတိုးတက်ရေးအတွက် အခက်အခဲများဖြစ်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

သဘာဝပတ်ဝန်းကျင်၊သဘာဝအရင်းအမြစ်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာတွင်း'**ရေကြီးခြင်း**'နှင့်ကြုံတွေ့ရပါသည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် တောင်သူများ၏ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးစရိတ် ကြီးမြင့်ခြင်းကို ခံကြရပါသည်။ ယာမြေများတွင် နှစ်ရှည်ပင်များ စိုက်ပျိုးရန်သင့်တော်ပြီး တိုးချဲ့ စိုက်ပျိုးသင့်ပါသည်။

-မြေဆီလွှာထိန်းသိမ်းမှုအားနည်းသောကြောင့် တဖြည်းဖြည်းမြေဆီလွှာခမ်းခြောက်မှုနှင့် တွေ့ကြုံရပါသည်။

-ရောဂါပိုးမွှားကျရောက်ခြင်း

လူ၊တိရိစ္ဆာန်နှင့် စိုက်ပျိုးသီးနှံများ တွင် ရောဂါပိုးမွှားများကျရောက်မှုများပြီး တောင်သူများမှာ လည်းပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း၊ ပုလင်းခွံ၊ဗူးခွံများကိုစည်းကမ်းစွန့်ပစ်နေကြပါသည်။

-သားငါးရှားပါးခြင်း

မြစ်ချောင်းအင်းအိုင်များတွင် ငါးများဘက္ထရီအိုးများဖြင့် လျှော့တိုက်ဖမ်းဆီးမှုများရှိနေခြင်း၊ ငါးရှားပါးလာပြီး မျိုးတုန်းပျောက်ကွယ်မှုဖြစ်လာနိုင်သည်။

-ထင်း၊လောင်စာရှားပါးခြင်း

သစ်တောများခုတ်ထွင်မှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် ထင်းနှင့်မီးသွေး၊ လောင်စာများတဖြည်းဖြည်းရှားပါးလာပါသည်။

-အပင်မျိုးစိတ်များ

တောဆီးဖြူ၊ထိကရုန်း၊ကနဖော့၊ကလားမုတ်ဆိတ်၊ရေသဖန်းများပိုမိုများပြားလာပါသည်။

-စွန့်ပစ်ပစ္စည်းများ

စနစ်တကျစွန့်ပစ်ခြင်းရှိသဖြင့် လယ်ကွင်းများရေမြောင်းများတွင် အလွယ်တကူစွန့်ပစ်ကြသောကြောင့် သဘာဝပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုများရှိပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ဘဏ်မှ ချေးငွေချေးယူသူ လယ်ယာပိုင်ဆိုင်သူသာ ချေးပေးပြီး ငှားရမ်းလုပ်ကိုင်သူများ ချေးငွေ မချေးရပါသောကြောင့် ကျေးရွာတွင် ဘဏ်မှငွေချေးယူသူမရှိပါ။ လယ်ယာလုပ်ကိုင်သူတောင်သူများမှာ လိုအပ်ပါက ပြင်ပမှ ချေးငွေရယူကာ အတိုးကြီးများ ပေးရပါသည်။ သမဝါယမဘဏ်နှင့် အာရုဏ်ဦး၊ ပဉ္စလိကချေးငွေ များသည် ကျေးရွာတွင် ချေးပေးခြင်း မရှိပါ။ ချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေကာလရှည် ဖန်တီးပေးနိုင်ပါက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျပန်း၊ နေ့စားအလုပ်သမားအတွက် စားဝတ်နေရေး အဆင်ပြနိုင်မည်ဖြစ်ပြီး ဝမ်းစာဖူလုံမည်ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

နန်းဇလိန်ကျေးရွာတွင် မူလတန်းကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်မှုနှုန်း(၁၉) ယောက်ရှိပါသည်။ နန်းဇလိန်ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေးဆရာ/မမရှိခဲ့သဖြင့် ဖွံ့ဖြိုးခြင်းမရှိခဲ့ပါ။ ကျေးရွာသည် ပလာတ၊ ရေချောင်းများကြောင့် မိုးများချိန်တွင် ရေလျှံမှုများဖြစ်တတ်သော်လည်း လက်တူးရေတွင်းများ အသုံးပြုနေသောကြောင့် သန့်ရှင်းမှုများရှိခဲ့ပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များသည် သာရေး၊နာရေးကဏ္ဍတွင် ဦးဆောင်သူများဖြစ်ကြပြီး လူမှုရေးအဖွဲ့များ ၊သာရေးအဖွဲ့များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ကိုင်ကြပါသည်။ ကာယအားကစားတွင် လေ့လာလိုက်စားကြသော်လည်း ကစားရန်ကစားကွင်း တစ်ကွင်းသာ ရှိသောကြောင့် အခက်အခဲများရှိပါသည်။

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ကလေးဝမြို့မှကလေးမြို့သို့ဆက်သွယ်ထားသောလမ်းမပေါ်တွင်တည်ရှိပါသ်ည။ ၂၀၂၂ခုနှစ်တွင် ရေကြီးခြင်းကြောင့် ချောင်းလမ်းများပျက်စီးခဲ့သော်လည်း အစိုးရဘတ်ဂျက်ဖြင့် ယခုပြင်ဆင်နေဆဲဖြစ်ပါသည်။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရှိသေးပါသဖြင့် ဆိုလာစနစ် အသုံးပြုကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်အနေဖြင့် မီးကင်းလှည့်လည်ရေးရှိပါသဖြင့် ကျေးရွာတွင် လုံခြုံမှုရှိပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် နန်းဇလိန်ရေချောင်းမှ ရေသွင်းစိုက်ပျိုးနိုင်သောဒေသဖြစ်ပြီး မြေဆီကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သောမျိုးစေ့များစိုက်ပျိုးနိုင်ပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အနည်းငယ် အားနည်းလျက်ရှိပါသည်။ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက်မှုတင်ပြမှုအား အလွန်နည်းလျက် ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့စီးဆိုင်ရာစွမ်းရည်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့က လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သော သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်နည်းလမ်းများဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်ကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားသည်။

ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်လုပ်မှုမြှင့်တင်ခြင်း၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာနိုင်ခြင်း၊ ကျေးရွာအတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုတိုးတက်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်စေရမည်။

ကျေးရွာလူထု၏ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦးများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေပြီး ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြင့်မားလာပြီး ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုက ပိုတိုးတက်လာရမည်။ ကျေးရွာလူထု လူနေမှုအဆင့်နှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ကောင်းမွန် လာမည်ဖြစ်သည်။

(ခ) အကောင်အထည်ဖော် နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများကို အောက်ဖော်ပြပါအကောင်အထည်ဖော်ရေးနည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ အောက်ဖော်ပြပါအကောင်အထည်ဖော်ရန်တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

ဗျူဟာဆိုသည်မှာ ချမှတ်ထားသောပန်းတိုင်ကိုရောက်ရှိရန် အကောင်အထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံကိန်းများကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် (၅)နှစ်တာစီမံချက်ကာလအတွင်း ပါဝင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်ပါသည်။

၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။

ကျေးရွာလူထုသည် နှစ်သက်ရာအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်း သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကုန်ထုတ်လမ်းသဲခင်းခြင်း

(ခခ) ဆေးပေးခန်းတည်ဆောက်ခြင်း

(ဂဂ) ချောင်းကူးတံတားတည်ဆောက်ခြင်း

(ဃဃ) ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း

(ငင) ကျေးလက်ခန်းမတည်ဆောက်ခြင်း

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံချက်	အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁။ ကုန်ထုတ်လမ်းသဲခင်းခြင်း	၁	✓				
၂။ ဆေးပေးခန်းတည်ဆောက်ခြင်း	၂		✓			
၃။ ချောင်းကူးတံတားတည်ဆောက်ခြင်း	၃			✓		
၄။ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၄				✓	
၅။ ကျေးလက်ခန်းမတည်ဆောက်ခြင်း	၅					✓

၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ် ကလေးမြို့နယ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း(VDP)

ကလေးမြို့နယ်၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာအုပ်စု၊ နန်းဇလိန်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	နိုင်ငံသားစိစစ်ရေးအမှတ်	အသက်	တာဝန်	ဆက်သွယ်ရန်ဖုန်း
၁	ဦးတင်ဝင်း	ဦးတင်မောင်	၅/ကလထ(နိုင်)၂၈၁၅၀	၄၀	ဥက္ကဋ္ဌ	
၂	ဦးဇော်မျိုးလှိုင်	ဦးကျော်အောင်	၅/ကလထ(နိုင်)၁၅၅၄၃၆	၂၉	အတွင်းရေးမှူး	
၃	ဦးကျော်ကျော်ဦး	ဦးညီပြုံး	၅/ကလထ(နိုင်)၁၆၂၇၅၈	၃၁	ဘဏ္ဍာရေးမှူး	၀၉-၃၃၆၆၁၅၉၄
၄	ဒေါ်သေးသေး	ဦးအေးမောင်	၅/ကလထ(နိုင်)၂၆၇၀၄၇	၂၇	စာရင်းကိုင်	
၅	ဦးစန်းယု	ဦးတင်မောင်	၅/ကလထ(နိုင်)၁၃၆၉၃၉	၄၀	သော့ကိုင်(၁)	၀၉-၃၂၆၃၄၄၃ ၀၉-၃၂၆၃၄၄၃
၆	ဒေါ်သီတာအေး	ဦးဌေးလွင်	၅/ကလထ(နိုင်)၂၈၁၅၂၂	၄၀	သော့ကိုင်(၂)	
၇	ဒေါ်ခင်မို့မို့လွင်	ဦးဌေးလွင်	၅/ကလထ(နိုင်)၃၂၂၃၅၉	၃၁	အဖွဲ့ဝင်	

နတ်ကြီးကုန်း(ကာ)ကျေးရွာအုပ်စု၊နန်းဇလိန်ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေအနေ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	လမ်းမကောင်းခြင်း	ချောင်းရေကြီးခြင်းနှင့် မြေပြိုခြင်း	သစ်ပင်၊သဲနှင့်ကျောက်များ ရရှိနိုင်ခြင်း	ငွေကြေးမရှိခြင်းနှင့်နည်းပညာ မရှိခြင်း	သက်ဆိုင်ရာဦးစီးဌာန ချိတ်ဆက် ဆောင်ရွက်ပြီး ကျေးရွာသူများမှ ပူးပေါင်းဆောင်ရွက်ခြင်း	ကုန်ထုတ်လမ်းသဲခင်းခြင်း
၂	ကျန်းမာရေးမကောင်းခြင်း	ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပေးခန်းမရှိခြင်း	မြေနေရာရှိခြင်း	ငွေကြေးမရှိခြင်းနှင့်နည်းပညာ မရှိခြင်း	သက်ဆိုင်ရာဦးစီးဌာန ချိတ်ဆက် ဆောင်ရွက်ပြီး ကျေးရွာသူများမှ ပူးပေါင်းဆောင်ရွက်ခြင်း	ဆေးပေးခန်း တည်ဆောက်ခြင်း
၃	ပုံမှန်သွားလာ၍မရခြင်း	တံတားမရှိခြင်း	သစ်ပင်၊သဲနှင့်ကျောက်ရှိခြင်း	ငွေကြေးမရှိခြင်းနှင့် နည်းပညာမရှိခြင်း	သက်ဆိုင်ရာဦးစီးဌာန ချိတ်ဆက် ဆောင်ရွက်ပြီး ကျေးရွာသူများမှ ပူးပေါင်းဆောင်ရွက်ခြင်း	ခေချင်းကူးတံတား တည်ဆောက်ခြင်း
၄။	ဝန်ထမ်းများနားခိုရာတွင် အခက်အခဲတွေ့ရှိခြင်း	ဝန်ထမ်းအိမ်ယာမရှိခြင်း	မြေနေရာရှိခြင်း	ငွေကြေးမရှိခြင်းနှင့်နည်းပညာ	သက်ဆိုင်ရာဦးစီးဌာန ချိတ်ဆက် ဆောင်ရွက်ပြီး ကျေးရွာသူများမှ ပူးပေါင်းဆောင်ရွက်ခြင်း	ဝန်ထမ်းအိမ်ယာဆောက် လုပ်ခြင်း
၅။	ဆွေးနွေးတိုင်ပင်ရာတွင် အခက်အခဲတွေ့ရှိခြင်း	ရုံးခန်းမရှိခြင်း	မြေနေရာရှိခြင်း	ငွေကြေးမရှိခြင်းနှင့်နည်းပညာ	သက်ဆိုင်ရာဦးစီးဌာန ချိတ်ဆက် ဆောင်ရွက်ပြီး ကျေးရွာသူများမှ ပူးပေါင်းဆောင်ရွက်ခြင်း	ကျေးရွာခန်းမ ဆောက်လုပ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂	၅	၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၈	၁၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၃	၂၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၉	၆၂	၁၃၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃	၃	၆
စုစုပေါင်း		**၉၉**	**၉၂**	**၁၉၁**
စုစုပေါင်း အိမ်ထောင်စု		**၄၈**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင် ကျောင်းနေအရွယ် ကလေးငယ်များ ရှိသော်လည်း ထိုကလေးငယ်များအားလုံးကျောင်းမတက်နိုင်ကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၂	၂	မြင့် □ Â လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၉			မြင့် □ Â လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် □ လတ်□Â နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၂	၃၈		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နို့မှ၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဦးရေနည်းပါးသည့်အတွက် ကျပန်း လုပ်ငန်းလုပ်ကိုင်၍ ပုံမှန်ဝင်ငွေ ရှိသော်လည်း ခက်ခဲသော မိသားစုများ တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၈၀၀၀	၆၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၁၀၀၀၀	၈၀၀၀	၁၀၀၀၀	၈၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ လုပ်သားတစ်ဦး၏တစ်နာရီလုပ်အားခမှာ (၁၀၀၀)ကျပ်ဖြစ်သည့်အတွက် တစ်ရက်လျှင် (၈၀၀၀) ကျပ်ရှုံးရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂.၅	ကောင်း ☐ Â	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၁	ကောင်း ☐	သင့်☐ Â	ညံ့ ☐
ဥယျာဉ်ခြံမြေ	၆.၅	ကောင်း ☐	သင့်☐ Â	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၂၀	ကောင်း ☐ Â	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၀၀	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင် တောင်ယာမြေဧကများသော်လည်း မြေဆီလွှာအရည်အသွေးမှာ အသင့် အသင့်သာရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံ	များ ☐ သင့်☐ Â နည်း ☐	လွယ် ☐ ခက်☐Â အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	မရှိ □	
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ □ Â သင့်□ နည်း □ မရှိ □	လွယ် □Â ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ Â သင့်□ နည်း □ မရှိ □	လွယ် □ Â ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ Â နည်း □ မရှိ □	လွယ် □ ခက်□Âအသုံးမပြုနိုင်ပါ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးပတ်ဝန်းကျင်တွင် သဲကျောက်များပေါများပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့် Â	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၁၉	၂၁	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓန အသင့်အသင့်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။–

(c–၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိသားစုဝင်များရှိသော်လည်း

စောင့်ရှောက်မှုအလုံအလောက်မပေးနိုင်သော မိသားစုများကိုလည်းတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၃	ရေကြီးခြင်း	မြင့် □	လတ် □Â	နိမ့်□	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၆	မုန်တိုင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၇	ငလျင်	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၈	မီးဘေး	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်□ Â	မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □	လတ် □Â	နိမ့်□	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □	လတ် □Â	နိမ့် □	မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ နန်းဇလိန်ကျေးရွာတွင် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်တတ်ပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □	လတ် □	နိမ့်□Â	မရှိ □

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၅	ဆေးစွဲသူများ	မြင့် □	လတ် □Â	နိမ့်□	မရှိ □
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □	လတ် □	နိမ့်□	မရှိ □Â
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □	လတ် □	နိမ့်□Â	မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနည်းပါးခြင်းကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အမျိုးသားအဖွဲ့	၁□ ၂□ ၃□	၁၅		၁၅	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် □ ညံ့ □
၂	အမျိုးသမီးအဖွဲ့	၁□ ၂□ ၃□		၁၀	၁၀	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း□ သင့် □ ညံ့ □
၃		၁□ ၂□ ၃□				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၄		၁□ ၂□ ၃□				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅		၁□ ၂□ ၃□				ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နန်းဇလိန်ကျေးရွာရှိ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့များသည် စည်းလုံးညီညွတ်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ** - Care International, Save the

Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင် ပြင်ပအဖွဲ့အစည်း အထောက်အပံ့ မရှိသည်ကို တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၃	မြေမဲ့ယာမဲ့ Â
၂	၂.၅ ဧကအောက်	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၈	တောင်သူငယ် Â
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄	တောင်သူလတ် Â
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၄၈	☒

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင် သာမန်တောင်သူလယ်သမားများ ရှိပြီး တောင်သူကြီးများမရှိခြင်းကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စ	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

ဦ		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ Â ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□Â မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	၇၉.၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ Â မဖြေဆိုပါ□	ရှိ□ မရှိ□Â မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နန်းဇလိန်ကျေးရွာတွင် လက်ငင်းရေတွင်းများ အသုံးပြုသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

